**မြန်မာနိုင်ငံ၊ အထည်ချုပ်လုပ်ငန်းများ၊ အဓမ္မအလုပ်ခိုင်းစေခြင်း**

အဓိကအားဖြင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးများအား မြန်မာနိုင်ငံ အထည်ချုပ်စက်ရုံများ၊ အထူးသဖြင့် ရန်ကုန်မြို့တွင် အဓမ္မအလုပ်ခိုင်းစေကြောင်း အထောက်အထားများ ရှိသည်။ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့များ၏ သတင်းအစီရင်ခံချက်များ အရ အလုပ်သမားပေါင်း ၅၀၀,၀၀၀ ခန့် ခန့်ထားလည်ပတ်သည့် အထည်ချုပ်လုပ်ငန်း ကဏ္ဍတွင် အဓမ္မအလုပ်ခိုင်းစေခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေကြောင်း ဖော်ပြကြသည်။ အလုပ်သမားများသည် အထည်ချုပ် လုပ်ငန်းများတွင် အခကြေးငွေမရဘဲ အချိန်ပိုလုပ်ရန် အဓမ္မခိုင်းစေခံရပြီး ယင်းသို့ အချိန်ပိုအခမဲ့လုပ်ရန် ငြင်းဆိုပါက ငွေဒဏ် ချမှတ်မည် သို့မဟုတ် အလုပ်ဖြုတ်မည်ဟု ခြိမ်းခြောက်ခံရကြောင်း သိရသည်။ သတင်းရင်းမြစ်များ၏ ဖော်ပြချက်အရ စစ်တပ်အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ်ကစပြီး အလုပ်သမား ၈၀,၀၀၀ ကျော်သည် အခကြေးငွေ မရသည့် အချိန်ပိုအလုပ်များ လုပ်ရန် အဓမ္မခိုင်းစေခံရသည်။ အလုပ်သမားများအား အလုပ်ကြပ်များက ကိုယ်အားဖြင့် အကြမ်းဖက်ခြင်း၊ နှုတ်အားဖြင့် စော်ကားနှောင့်ယှက်ပြောဆိုခြင်းများရှိကြောင်း တိုင်ကြားချက်များ ရှိသည်။